

# ဥသျှာ ကြေညာစာတမ်း

အိမ်စာတွေအပြီးသတ်မှာ
အချိန်မှန်
ရောက်လာတတ်တဲ့ဂစ်တာသံ
ဒီနေ့ ညသန်ခေါင်းယံ
ဝရန်တာထွက်စောင့်
ဂစ်တာသံကရောက်မလာ
ဘာကြောင့်ပါလဲ

မနေ့ ညကလည်း
သေနတ်သံတွေကဆူညံ
ဂစ်တာသံဘယ်မှာကြားလိုက်ရ
ဒီညလည်းမကြားရပြန်
သန်ခေါင်းယံ
သေနတ်သံဟာ
ဂစ်တာသမားတွေရဲ့ ရင်ဘတ်
တည့်တည့်
ထိမှန်ခဲ့ပြီလား

ဒါ
ကွေးသောလက် မဆန့်မီ
ဆန့် သောလက် မကွေးမီ
ရုတ်တရက် ရောက်လာတတ်တဲ့
သင်္ခါရတရား ပြဿနာ မဟုတ်ဘူး

လူဟာ သေမျိုး
ဆိုရိုးစကား
အသာထားကြ
တောရိုင်းတရားတွေက
မြို့ နေ လူနေ ရပ်ကွက်တွေထဲမှာ
ရောက်လာနေပြီဆိုတာ
ရင်ထုမနာဖြစ်တတ်ကြဖို့ လိုပြီ

အဲဒီနေ့ က
မြို့ ကြီး ပြကြီးတခုရဲ့
လမ်းထဲကို သေနတ်တွေ
တဒိုင်းဒိုင်းဖောက်လို့
ထင်တိုင်းကြဲ
ဝင်ရောက်လာပုံများ
ဒင်းတို့ ရုပ်ရှင်နဲ့
ရေဒီယိုဇာတ်လမ်းတွေထဲကလို
သောင်းကျန်းသူတွေ

ရွာထဲဝင်လာသလိုမျိုး
'စစ်တပ်ကိုစမ်းချင်တဲ့ကောင် စမ်း
သေချင်းဆိုးနဲ့ သေသွားမယ်'ဆိုပဲ

အာဂစစ်သူရဲကောင်းများပေပ
လက်နက်မဲ့ပြည်သူတွေကို
သူရသတ္တိတွေပြ
မောက်မာနေလိုက်ပုံများက
မိုးကောင်းတုန်းရွာကြစမ်း
ရွာထားကြစမ်း

ဒင်းတို့ အုပ်ချုပ်တဲ့
လက်ထက်မှာ
မထူးဆန်းတဲ့
အဖြစ်အပျက်ဆိုတာသိပေမယ့်
'ဒါ ဖြစ်ရိုးဖြစ်စဉ်' တဲ့
ဒင်းတို့ ရဲ့ ဖြောင့်ချက်
ရိုရအခက်
ငိုရအခက်

လူလိမ္မာသားတွေက
ယဉ်ယဉ်လေးလိမ္မာပါးနပ်ကြ
လူမိုက်သားတွေက
ရမ်းကားချင်တိုင်းရမ်းကားကြ
ဩော် ----
ဒီနိုင်ငံမှာ လူလာဖြစ်တာကိုက
မိုးပေါ်ကကျလာမယ့်အပ်နဲ့
မြေပေါ်ထောင်ထားတဲ့ အပ်
ကံစပ်လို့ ရလိုက်ရတဲ့
ဒုလ္လဘ လား

'သံသရာဆိုတာ
တပတ်ပြန်လည်မှာပါ'
သေချာတာပေ့ါ
ဘယ်အချိန်
ဘယ်အခါမှာမှ
ဆိုက်ရောက်လာမယ်မှန်း မသိရတဲ့
သံသရာ ရထားကြီးကို
ဇလီဖာတုံးတွေလို
စင်းစင်းကြီး
ကျောခင်းပေးပြီးစောင့်နေကြ

တရားမရှိတဲ့နေရာမှာ
ဓားမရှိရင်တော့
မျက်ရည်နဲ့ အတိ
ပြီးနေဦးမှာပါ

ဒင်းတို့ စိန်ခေါ်သလို
ဓားဓားချင်း လုံလုံချင်း
ဒါမှမဟုတ်
လက်ကိုလက်ချင်းဆိုလည်း
ခွေးနဲ့ ဆင်
လယ်ပြင်မှာ
ရင်ဆိုင်ကြဖို့ အသင့်ပါ
အခုဟာက
တဖက်က လက်နက်နဲ့
တဖက်က ဂစ်တာတလက်

လေးနဲ့ မြားကိုစမ်းသပ်
တီးခပ်ရာက
ကြိုးတပ်တူရိယာ
စတင်လာသတဲ့
သံသရာ
ဒီမှာလည်းကြည့်ကြမယ်
ဂစ်တာ တယော
ဘင်ဂျိုနဲ့ စောင်း
လူထုတိုက်ပွဲနဲ့ ပေါင်းစပ်ဖို့
လေးနဲ့ မြားအဖြစ်ပြောင်းကြည့်ရအောင်

ဂစ်တာသမားလေး
နှစ်ယောက်လည်း
ကောင်းရာသုဂတိရောက်အောင်ပေ့ါ ။

လင်းလက်ဇာနည်
၂၂ စက်တင်ဘာ ၂၀၁၀